
TWO CATS PUBLICATION
ကြောင်နှစ်ကောင်စာပေ
ပန်းချီ မြင့်အိုတူး
STAR
POLICE
ဝတ္ထု၊
ကြည်ဝင်းမြို့
စီစဉ်သူ
မောင်မျိုး


မိတ်ဆက်ဖို့ လိုအပ်မယ်ဆိုရင်
တော့ ကျုပ်နာမည် ဒီရိုဂျာ။
အထူးထောက်လှမ်းရေးတပ်
ဖွဲ့ဝင်ဟောင်းတစ်ယောက်။
နိုင်ငံတော်ကို ဆန့်ကျင်တဲ့ အဖွဲ့
အစည်းအားလုံးကို ကျုပ်တို့
တပ်ဖွဲ့ဝင်တွေ ရှုတ်ရှုတ်ချုံချုံ
ဆော်ခဲ့ကြ၊ သူရဲကောင်းတံဆိပ်
တွေလည်း ရခဲ့ကြပြီ။


လောကမှာက ကောင်းတဲ့လူတွေရှိ
သလို ဥပဒေကိုလက်တစ်လုံးခြား
လုပ်တဲ့လူတွေ လည်း ဒုနဲ့ဒေးပါပဲ။
အဲ့လိုလူတွေကို အပြတ်အသတ်ဆော်ဖို့
ကျုပ်နဲ့ကျုပ်အဖွဲ့ဝင်တွေ သာမန်အဖွဲ့
တစ်ခု ကိုလည်း ဖွဲ့စည်းမိကြတယ်။
လူပြက်မျက်နှာဖုံးဝတ်တယ်၊ ဇာတ်လမ်း
က အဲ့ဒီကစ တာပါပဲ။
ကျုပ်သိပ်ချစ်တဲ့ချစ်သူ တစ်နည်းအား
ဖြင့် ကျုပ်ခန္ဓာကိုယ်ပြင်ပက ကျုပ်ရဲ့
ဒုတိယအ သည်း နှလုံးအသတ်ခံ
လိုက်ရတယ်။ အဲ့ဒီကစတာ။


အင်မတန်အရေးကြီးတဲ့ ချိပ်ပိတ်စာအိတ်တစ်အိတ် ကြောင့် ကျုပ်ချစ်သူ ကလောဒီ ကျဆုံးခဲ့တယ်။
ကျုပ်မျက်စိရှေ့တင် မျက်နှာဖုံးစွပ် လူသတ်ကောင်ဟာ သူမကို ပစ်သတ်ပြီး စာအိတ် လုပြေးတယ်။
လူရှင်းတဲ့ ကုန်တိုက်ကြီးတစ်ခုထဲ လူသတ်ကောင် ပြေးဝင်သွားတယ်။


ကျုပ်အပြေးလိုက်တယ်။ စာအိတ်ကို အရောင်းပြခန်းရဲ့ ကောင်တာအောက်ကို ထိုးသွင်းလိုက်တာ ကျုပ်အသေအချာ မြင်လိုက်တယ်။
အဲ့ဒီအချိန်မှာပဲ လုံခြုံရေးတွေ ဝိတ်ကွယ်သွားလို့ ကျုပ်ရဲ့ သတ်ကောင်ကို ပစ်ခွင်းမရ လိုက် ဘူး။


အဲ့ဒီစာအိတ် အဲ့ဒီ
အတိုင်းခုလည်းရှိနေ
သေးတယ်။
ချစ်သူအတွက် လက်စားချေလိုမှုသာ
ကျုပ်အတ္တ မှာ တငွေ့ငွေ့လောင်နေတယ်။
ကျုပ် အဲ့ဒီစာအိတ်နားမှာပဲ အသင့်ရှိ
နေဖို့ လိုအပ်တယ်။
လူသတ်ကောင်ဟားတစ်နေ
စာအိတ်ကို မဖြစ်မနေပြန်လာ
ယူ မှာသေချာတယ်။ ကျုပ်အဲ့ဒီ
ကန့်တိုက်ရဲ့ မထင်မရှားလုံခြုံ
ရေးဝန်ထမ်းဘဝကို ရွေးချယ်
လိုက်သည်။


အဲ့ဒီ လွန်ခဲ့တဲ့ငါးနှစ်ကျော်ကျော်က
ဖြစ်ပျက်ခဲ့တာမို့ ကျုပ်မိတ်ဆွေရဟတ်
ယာဉ်မောင်းသ မားရာမာဖုံက မေ့ပစ်ဖို့
အတန်တန်နားချတဲ့ကြားက ကျုပ်အဲ့ဒီ
စာအိတ်ရှိတဲ့ နေရာကို ပင်မဖန်သားပြင်
ခန်းမက နေ နေ့ကောညပါ။
စောင့်ကြည့်ရင်း ဒင်းပြန်အလာ
ကို မျှော်နေခဲ့တယ်။ ကိုယ်ချင်း
မစာတတ်သူတွေက ကျုပ်ကို
ရူးသွပ်တယ်ပြောကြလိမ့်မယ်။
ကျုပ်ရဲ့ကျုပ်အသည်းကိုကျုပ်ပဲ
သိတယ်။
လှုပြက် မျက်နှာဖုံးနဲ့
ကျုပ်တစ်သက်လုံး
စောင့်နေတယ်။


သန်းခေါင်ကျော် တိတ်ဆိတ်မှုထဲ မှန်ကွဲသံတွေနဲ့ သံတာရှင်း တစ်ချောင်း ဂလောင်းခနဲ ကြမ်းပြင်ပေါ်ကျလာတယ်။
သူ့အသံလာရာဆီ ရောက်သွားတော့ လုံခြုံရေးမှူးအဘိုးကြီး အိုဝင်ကို ဖောက်ထွင်းသမား နှစ်ယောက်က သေနတ်ထောက် ခြိမ်းခြောက်နေတယ်။
မင်းတို့ နှစ်ယောက်စလုံး ကို ငါပစ်သတ်ရတယ်နော်။
ဟုတ်ပါ့မလား။


ကျုပ်အာစရိက လူ သတ်လာတာ (၁၂) နှစ်ရှိပြီ။
မင်းအာစရိကို ပို့မှာခေါင်းပဲ ထိအောင် ထိုးခိုင်းပါပြီး။
အာစရိ ချမှာ။
သူမိန်းကြီးက ဗလအားကိုးနဲ့ အိုဝင်ကို တွန်းပစ်ရင်း သေနတ်ကို ကြမ်းပေါ် ချတယ်။
မင်းငါ့ကိုနိုင်ရင် ဒီအဘိုးကြီးကို ပြန်ရမယ်။






သူခိုးကြီးကြမ်းပေါ် ပက်လက်ကျလာလို့ သူခိုးလေး ပါးစပ်ဟောင်းလောင်း ဖြစ်သွားတယ်။ သူ့လက်သီး ထွက်လာတာ ပြန်ဝင်သွားတာကို ကြည့်နေရင်းက မြင်လိုက်ပုံမရဘူး ထင်ပါရဲ့။


မင်းကတိအတိုင်းထွက်
သွားမလား။ SU နဲ့
အချိန်ကုန်မလား။
ထွက်သွားကြပါပြီ။
ဘာဖြစ်လို့သူ
သေနတ်မသုံးတာလဲ
ကောင်လေး။
ဆေ့ဖ် ခလုတ်တောင်မဖွင့်
တတ်တဲ့ ကောင်လေ။
ဘယ်လိုပစ်မလဲ။
ပင်မလုံခြုံရေးခန်း ဖန်သားပြင်
ရှေ့သို့ ပြန်ရောက်လာကြသည်။
အိုဝင်က ဗိုင်ငို့၏ ဂုဏ်ပြုနေစဉ်
သူ့မျက်လုံးက ဖန်သားပြင်ပေါ်
က စာအိတ်ထားသော
ကောင်တာဆီကိုသာ။


အဘိုးကြီးအိုဝင်ကို အိမ်ပြန် နားခိုင်းလိုက်ပြီး နောက်သူ၏ လော်ကာဘီဒိုဆီ လှမ်းလာခဲ့ သည်။
လော်ကာတံခါးကို နာကျင်သော စိတ်နှလုံးနှင့် ဖွင့်ကြည့်လိုက် သောအခါ ပြုံးနေသော ချစ်သူ ၏ လှမျက်နှာပေါ်လာသည်။
လမ်းမပေါ်လဲကျသေဆုံးနေသော ချစ်သူကို ယူကြုံးမရပွေ့လျက် ကြေကွဲနေသော သူ့ပုံရိပ် ကိုပြန်မြင် လာ၏။


လူသတ်ကောင် မုံးနွှဲခဲ့သော အနီး
ကပ်ထရပ်ကားကြောင့် သေဆုံးနေ
သောချစ်သူကို ဒဏ်ရာထပ်မရ
အောင် ရူးသွပ်ရင်ခွင်အုပ် ကာကွယ်
ခဲ့ပုံများ။
ကြေကွဲနာကျည်းစွာအာခေါင်
ခြစ်၍ ဒဏ်ရာရသည့် သားရဲ
တစ်ကောင်လို လမ်းမ
အလယ် သူဟစ်အော်နေ
ပုံများ။
စာအိတ်ထဲက မြေပုံညွှန်းတွေဒယ်
တာ အချက်အလက်တွေ သူထုတ်
ယူ၍ စာအိတ်အနှံ့ ချည်းပဲ တည်
ကြက်လို ပြန်ထည့်ထားပုံများ။
၁၃


သူချစ်သူကို လူကြမ်းကြီးရာမာ ဖုံဖက်၍ ကလေးငယ်တစ်ဦးလို ငိုကြွေးနေပုံများ။
အကြိမ်ပေါင်းသောင်းချီအောင်ပင် သူခဏခဏ ပြန်ရစ်ကြည့်မိခဲ့သော မျက်နှာဖုံးအဖြူ လူသတ်သမား၏ ဖန်သားပြင်မှ ပုံရိပ်မျာ။
တစ်ကိုယ်တည်း အထီးကျန် သွေ့ခြောက် ဘဝပျောက်နေခဲ့သော ကုန်တိုက်အတွင်းက သူ၏ နှစ်ကာလများ။


ပက်ပြင်းတိုးသော လူသတ်သမား
ကိုပစ်ချရန် သူ့လက်အမြောက်
မြင်ကွင်းထဲ အသီးသီး
ပြေးဝင်လာသော
လုံခြုံရေးများ။
လက်မတင်လေး လွတ်မြောက်သွားသော
အနက်ရောင်ဝတ်စုံ နှင့် လူသတ်သမား။
သူ့အံ ကြိတ်လိုက်၍ သွားဖုံးထဲနှစ်ဝင်သွား
သော သူ့အံသွားများ။
ဖန်သားပြင်ကို မမှိတ်မသုန်ကြည့်
မိပြန်သော သူ၏ အေးစက်စက်
မျက်လုံးများ။


သည်နေ့မနက်ခင်းသတင်း နံ့ရှုကင်မရောမင်းနှင့် ကားမောင်းထွက်လာသော သတင်းထောက်မလေး ကလီးယား။
ကားရပ်၍သူ့မိခင်ဌာနချုပ် သို့ ဟန်းဖုန်းနှင့်ရဟတ်ယာဉ် စီစဉ်ပေးရန် အပြင်းအထန် တောင်းဆိုနေသည်။
မင်းမှာ သတင်းထူး နေတိုင်းမရှိပါဘူးကလီးယား။ ရဟတ်ယာဉ်ကစရိတ်ကြီးတယ်ကွ။
ဒီနေ့ရထားတဲ့သတင်းက ခေါင်းကြီးသတင်းဖြစ်နေလို့ပါ။ အပေါ်စီးကနေတိုက်ရိုက် ထုတ်လွှင့်ချင်လို့ပါ။



ထိုစဉ်မှာပင် ထိုဝန်းကျင်တစ်ပိုက်တွင် ကားနက်နှစ်စင်းကျောပေး ၍ ခပ်ခွာခွာထိုးရပ်လာ၏
တစ်စင်းထဲကအနက်ဝတ်စုံနှင့် မိန်းမလှကဖုန်းနှင့်လှမ်းပြော၏။
ကြည့်ရတာ ခန့်ညားလိုက်ပါ ဘိတော့
ဒါပေါ့ အသည်းလေး… ပွဲစရင် ဒီထက်လှတာတွေ မင်းမြင်ရတော့မယ်။
မျက်နှာဖုံးမဝတ်ရသေးသော အနက်ကောင်ကကားထဲက ဆင်းလာရင်းအကြောင်းပြန်၏။ မျက်နှာဖုံးအဖြူကာလိုက်သည်။ ကားနောက်ခန်းထဲကတစ်စုံတစ်ရာ ကိုကုန်းနှိုက်၏။


ထိုစဉ်မှာပင် ရဲအစောင့်ဆိုင်ကယ် နှစ်စင်းဦးဆောင်၍ ရဲကားများဝန်းရံ မောင်းနှင်လာသောအလတ်စား ကွန်တိန်နာထရပ်ကားတစ်စီး...
ဟိုဟာကို လှမ်းရိုက် ဒေဗီ..
ကလီးယားက သူ့ကင်မရာမင်းကို လှမ်းပြောသည်။
ဓါးပြမှုက အဲဒီကစမှာ သေချာလား ဘောစ်။
အနက်ဝတ်စုံနှင့် မိန်းမလျှ မျက်နှာဖုံးနက် တပ်လိုက်၏။ အပေါ်က မျက်နှာဖုံးအဖြူ ထပ်စွပ်သည်။



ထရပ်ကားတန်းရှူနက် မျက်နှာဖုံးဖြူ၏ကားနား ကဖြတ်မောင်းသွား၏။
ရှူနက်မျက်နှာဖုံးဖြူ၏ လက်ထဲလောင်ချာကြီးပါလာသည်။ ဝင်းခန့်နေရောင်တွင် လောင်ချာကို ဟန်ပါပါ ထမ်းလိုက်သည်။
အသေအချာပင်ဖြတ်သွား သော ထရပ်ကား၏ဖင်ပိုင်းကို လှမ်းချိန်လိုက်သည်။


မီးခိုးတန်းလေးအကျ၍ ဆိုင်ကယ်
နှစ်စီးကြားဖြတ်ဝင်သွားပုံက
လှပင်လှသေးတော့။
ထရပ်ကားနောက်ကရဲကား
ကို တစ်စစီဖွချေဖောက်ခွဲ၍
ထရပ်ကား၏ ဖင်ပိုင်းကို
အုန်းခနဲ ဒိုင်းခနဲပြေးဝင်ပြီး။
ထရပ်ကားနောက်ပိုင်း
မီးခိုးနှင့် မီးဝါဝါအပွင့်ကြီး
ဝိုင်းခနဲလွင့်တက်
လာသည်။


အရှိန်နှင့် ပြေးနေသောထရပ်ကား ဖင်ထောင်မြှောက်တက်ပြီ ကတ္တယာလမ်းပေါ် ခေါင်းနှင့် ခပ်ကြာကြာရွှေ့နေသေး။
ဖြစ်ပြီ.. သတင်း ဖြစ်ပြီ ရဟတ်ယာဉ် မြန်မြန်ပေး။
မကြာခင် ရောက်မယ်။
ရှေ့ကပေါက်ကွဲအားကြောင့် နောက်ကဆိုင်ကယ်ပင် နောက် ပြန်လွင့်စင်ထွက်လာသည်။


ဒုန်း
ထရပ်ကားကျွမ်းသ၍လန်ကာ ရှေ့ကဆိုင်ကယ်တွေအပေါ်ကျတော့မည်။ ကျလာသည်။
လျှင်သော ဆိုင်ကယ်သမားက သူ့ဘေးကိုသိသဖြင့် လီဗာကုန်တင်ကာရှေ့က ဆလွန်းကားပေါ်ကျော်ခွ လိုက်သည်။
၂၂


ထရပ်ကားလမ်းမပေါ် ပက်လက်လန်ကျ လာသည်။
ကင်မရာမင်းက အမိအရ လိုက်ရိုက် နေသည်။
လူနက်က လက်ထဲက လောင်ချာကိုဘောနက်ထဲ ပြန်ထည့်ဆဝ်မှရှင်ဂန်းဆွဲ ထွက်လာပြန်သည်။


ဆလွန်းကားပေါ်ကျော်ထွက်
လာသော ဆိုင်ကယ်သမား
ရှေ့ကားပေါ် လိမ့်ထွက်သွား။
ဆိုင်ကယ်လည်း
လေထဲကနေလမ်းဘေး
သစ်ပင်နှင့် မိတ်ဆက်သွား။
လှုနက်လက်ထဲကသေနတ်
ပြောင်းမှ ကျည်ဖူးတွေ
ဆက်တိုက် ထွက်လာလေပြီ။


ကလီးယားကားဘေးထိုး
ဝင်ရင်းသတင်းထောက်ဗီဗီ
လှမ်းကြည့်ဖြစ်အောင်တော့
ကြည့်နေမိ။
ကင်မရာမင်းဒေဗီ
ကတော့သေနတ်ကြောင့်
နောက်တွန့်ထွက်ပြေး
တော့သည်။
လုံခြုံရေးတွေမထင်
မှတ်ဘဲ အပစ်ခံသဖြင့်
အတုံးအရုံးပေါ့။


ကလီးယားကားပေါ်တက်၍
ကြောက်လန့်တကြားသော့
ပေါက်ပျောက်နေစဉ်။
လာ.ငါနဲ့လိုက်ခဲ့
လှုနက်သေနတ်သမားက
ကလီးယားကိုဆွဲချ၍
ထရပ်ကားဆီအတင်း
ခေါ်သွား၏
ဒါကို ကင်မရာမင်း
ဒေဗီက အရှည်မြင်းရိုက်
ထားနိုင်လိုက်သည်။


ထရပ်ကားရှေ့ခန်းထဲ ဆောက်ထိုးမိုးမျှော်ဖြစ်နေသော ယာဉ်မောင်းကို
နောက်ခန်းတံခါး ခလုတ်ဖွင့်စမ်း။ မဖွင့်ရင်သေပြီမှတ်။
နောက်ခန်းတံခါး ဆောက်ထိုးပင် ပွင့်လာသည်။
ဖရိုဖရဲဖြစ်နေသောပစ္စည်းတွေ ကြားမှ ပေါက်ကွဲအားပြင်းသော (ဗြ၄)သေတ္တာတစ်လုံးကို ရှုန့်က် ဆွဲထုတ်သည်။ နောက်ထပ် အားပြင်းသော လက်ပစ်ဗုံး သေတ္တာပါယူသည်။


ကားနက်ဆီ တစ်ယောက်က
မုံးတွေဆွဲသွားတယ်။
တစ်ယောက်က ကလီးယာကို
ဆွဲသွားသည်။
အဝေးမှရဲကားများ
အစုလိုက်အပြုံလိုက်
မောင်းဝင်လာနေ၏။
မပူနဲ့ ဘောစိ။
ကျွန်တော်အကျန်
ယူထားတယ်။
ဒေဗီကကင်မရာနှင့်
ဝင်လာသမျှကို
ရိုက်ယူနေသည်။


ချက်ချင်းလီဗာတင်ကား ဘီးတကျွိကျွိလည်ပြီးမှ ဝေါခနဲထွက်သွားသည်။
ရဲအရာရှိက သူ့အုပ်စုကို သတင်းလှမ်းပို့ရင်း အမိန့်ပေးသည်။
မြန်မြန်လာကြဟေ့ ဒီနားမှာပဲ ရှိသေးတယ်။
ရန်သူနှစ်ယောက် အနက်ရောင်ဝတ်ထားတယ်။ မျက်နှာဖုံးအဖြူတွေနဲ့!
ဒေဗီလည်း ရဲကား တန်းထပ်ပါလာသည်။


မဝင်ရလမ်းတွေကို ဆိုင်း (sign) တွေ တိုက်ဝင်ပစ်ခဲ့သည်။
ကားထဲတွင်ကလီးယားက သတင်းသမားဗီဗီ နားချကြည့်သည်။
ရှင်တို့နောက်ကို တစ်ပြုံကြီးလိုက်လာနေပြီ။ ဘယ်လိုမှ လွတ်လမ်းမရှိဘူး။
သူမဘေးမှလူဆိုးက မျက်နှာဖုံးချွတ်ကာ။
ဒါ..ငါတို့လိုချင်တဲ့ အခြေအနေပဲ..များလေ ကောင်းလေပဲ။